Cour Pénale Internationale
International Criminal Court

*သတင်းထုတ်ပြန်ချက်။ ၁၄.၁၁.၂၀၁၉*

# ICC တရာသူကြီးများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံရှိ အခြေအနေအပေါ် စုံစမ်းစစ်ဆေးသည့် အမှုကိုဖွင့်ရန် ခွင့်ပြုချက်အမိန့်ကို ထုတ်ပြန်လိုက်ပါသည်။

နိုဝင်ဘာလ ၁၄ ရက်နေ့၊ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာဆိုင်ရာ ပြစ်မှု ခုံရုံး ("ICC" သို့မဟုတ် "ခုံရုံး") ၏ ကြိုတင်စစ်ဆေးစီရင်ခြင်းဆိုင်ရာ အမှတ် ၃ တရားသူကြီးရုံးမှ တရားလိုရှေ့နေအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတ နိုင်ငံ/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ အခြေအနေ (“ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံရှိ အခြေအနေ”) တွင် ICC ၏ တရားစီရင်ပိုင်ခွင့်ရှိသော စွပ်စွဲထားသည့် ပြစ်မှုများအပေါ် စုံစမ်းစစ်ဆေးခြင်းကို ရှေ့ဆက်ဆောင်ရွက်ရန် ခွင့်ပြုချက်အမိန့်ကို ထုတ်ပြန်လိုက်ပါသည်။

ICC ကြိုတင်စစ်ဆေးစီရင်ခြင်းဆိုင်ရာ အမှတ် ၃ တရားသူကြီးရုံးခန်း၌ တရားသူကြီး Olga Herrera Carbuccia (အိုလ်ဂါ ဟရဲရား ကာဘူချီယာ) က ဦးဆောင်ပြီး၊ တရားသူကြီး Robert Fremr (ရောဘတ် ဖရယ်မာ) နှင့် တရားသူကြီး Geoffrey Henderson (ဂျက်ဖရီ ဟင်ဒဆန်) တို့ပါဝင်ကြပါသည်။

ဤခွင့်ပြုချက်အမိန့်မှာ ICC မှ တရားစီရင်ပိုင်ခွင့်ရှိသော မြန်မာပြည်က ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်ခဲ့ပါသည်ဟု စွပ်စွဲထားသည့် ပြစ်မှုများအပေါ် စုံစမ်းစစ်ဆေးသည့် အမှုကိုဖွင့်ရန်အတွက် ဇူလိုင်လ ၄ ရက်နေ့၊ ၂၀၁၉ ခုနှစ်က လျှောက်တင်ခဲ့သော တရားလိုရှေ့နေမှ တောင်းဆိုချက်၏ အကျိုးဆက်ဖြစ်ပါသည်။

တရားသူကြီးရုံးခန်းသည် နစ်နာခဲ့ပါသည်ဟုဆိုသော ထောင်သောင်းမကသည့် ကာယကံရှင်များနှင့် ၎င်းတို့အား ကိုယ်စားပြုသူတို့ထံမှ ဤတောင်းခံချက်အပေါ် ထားရှိကြသည့် ယူဆထင်မြင်ချက်များကိုလည်း လက်ခံရရှိခဲ့ပါသည်။ ICC ၏ မှတ်တမ်းရုံးအရ နစ်နာခဲ့ကြသူများက တရားရုံးမှ စုံစမ်းစစ်ဆေးပေးပါရန် တညီတညွတ်တည်း မရမက တောင်းဆိုခဲ့ကြပြီး၊ စွပ်စွဲနေကြသည့် နစ်နာသူ အတိုင်ပင်ခံများ အမြောက်အမြားက ‘ကြုံတွေ့ခဲ့ရသော အကြမ်းဖက်ခြင်း သံသရာနှင့် နှိပ်စက်ညှဉ်းပန်းခြင်းများကို တရားမျှတမှုနှင့် တာဝန်ခံယူမှုတို့ဖြင့်သာ အဆုံးသတ်ပေးနိုင်မည်မှာ သေချာသည်ဟု ယုံကြည်ကြပါသည်’။ ဤလုပ်ငန်းစဉ်တစ်ခုလုံးတွင် နစ်နာခဲ့ပါသည်ဟုဆိုသူများအား ကူညီခဲ့သော၊ လမ်းညွှန်ခဲ့သော၊ အကြံဉာဏ်ပေးခဲ့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအားလုံးကို တရားသူကြီးရုံးခန်းက အသိအမှတ်ပြုပါသည်။

အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ပိုင်နက်တွင် ပြစ်မှု၏တစ်စိတ်တစ်ပိုင်းကို ကျူးလွန်ခဲ့လျှင် ခုံရုံးက ယင်းပြစ်မှုကို တရားစီရင်ကောင်းစီရင်နိုင်သည်ဟု တရားသူကြီးရုံးခန်းမှ ကောက်ချက်ချပါသည်။ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်ခု မဟုတ်သော်လည်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်  ၂၀၁၀ ခုနှစ်တွင် ICC ရောမမြို့ ပြဋ္ဌာန်းဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ရရှိနိုင်ရာ အချက်အလက်များကို ပြန်လည်ဆန်းစစ်ကြည့်သည့်အခါ၌ မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်တစ်လျှောက် နိုင်ငံမှနှင်ထုတ်ခြင်းနှင့် လူမျိုးစု နှင့်/သို့မဟုတ် ကိုးကွယ်သည့်ဘာသာအပေါ်အခြေပြု၍ ရိုဟင်ဂျာလူမျိုးများအပေါ် နှိပ်စက်ညှဉ်းပန်းခြင်းတို့၏ လူသားများအပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် သတ်မှတ်ချက်ပြည့်မီနိုင်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျယ်ပြန့်စွာ နှင့်/သို့မဟုတ် စနစ်တကျ ချမှတ်၍ ကျူးလွန်ဖွယ်ရှိနိုင်ခဲ့ခြင်းအတွက် ယုတ္တိရှိရှိ ယုံကြည်နိုင်စရာ အခြေခံအကြောင်းရင်းရှိသည်ကို တရားသူကြီးရုံးခန်းက လက်ခံပါသည်။ ခုံရုံးက တရားစီရင်ပိုင်ခွင့်ရှိသည့် အခြားပြစ်မှုများ ကျူးလွန်ခဲ့ဖွယ်ရှိခြင်း၊မရှိခြင်းကို

အကဲဖြတ်စိစစ်ရန် မလိုအပ်သည်ကို တရားသူကြီးရုံးခန်းက တွေ့ရှိရသော်လည်း၊ ထိုကဲ့သို့သော စွပ်စွဲထားသည့် ပြစ်မှုများသည် တရားလိုရှေ့နေမှ အနာဂတ်တွင် စုံစမ်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာနိုင်ပါသည်။

စွပ်စွဲထားသည့် ပြစ်မှုများ၏ အတိုင်းအတာနှင့် နစ်နာခဲ့ပါသည်ဟုဆိုသူများ၏ အရေအတွက်တို့ကို ကြည့်ရှုမှတ်သားပြီးနောက်၊ အခြေအနေမှာ လေးနက်မှု၏ သတ်မှတ်အဆင့်ကို သိသာထင်ရှားစွာ လွမ်းမိုးသွားသည်ဟု တရားသူကြီးရုံးခန်းက စဉ်းစားသုံးသပ်ပါသည်။ ပံ့ပိုးပေးသည့် အချက်အလက်များအရ၊ စွပ်စွဲထားသည့် အကျပ်ကိုင်လုပ်ရပ်များ၏ အကျိုးဆက်ကြောင့် ရိုဟင်ဂျာများ ၆၀၀၀၀၀ မှ တစ်သန်းခန့် မြန်မာနိုင်ငံမှနေ၍ အိမ်နီးချင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ အတင်းအဓမ္မ ဖယ်ရှားခံခဲ့ရပါသည်။ နစ်နာခဲ့ကြသူများ၏ အမြင်များကို ကြည့်ရှုမှတ်သားပြီးနောက်၊ အခြေအနေကို စုံစမ်းစစ်ဆေးခြင်းအားဖြင့် တရားမျှတမှုရှိရေးအတွက် အကျိုးရှိမည်မဟုတ်ဟု ယုံကြည်ရမည့် အကြောင်းရင်းများ မည်မည်ရရမရှိသည့်အချက်အပေါ် တရားသူကြီးရုံးခန်းက တရားလိုရှေ့နေနှင့် သဘောတူပါသည်။

သို့ဖြစ်၍ ကြိုတင်စစ်ဆေးစီရင်ခြင်းဆိုင်ရာ အမှတ် ၃ တရားသူကြီးရုံးခန်းက အောက်ပါအချက် ၃ ချက် နှင့် ကိုက်ညီနေသမျှကာလပတ်လုံး၊ မည်သည့်အနာဂတ်ပြစ်မှုမျိုးမဆိုအပါအဝင် ***မည်သည့်ပြစ်မှုမျိုးကိုမဆို*** စတင်စုံစမ်းစစ်ဆေးရန် ခွင့်ပြုချက်အမိန့်ကို ထုတ်ပြန်လိုက်ပါသည်။ (က) ပြစ်မှုကို ခုံရုံးမှ တရားစီရင်ပိုင်ခွင့်ရှိခြင်း (ခ) ပြစ်မှုကို အနည်းဆုံးအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပိုင်နက်၏ အစိတ်အပိုင်းတစ်ခု၌ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်စုံတစ်ရာ၏ ပိုင်နက်၌ သို့မဟုတ် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံသည့်နိုင်ငံ၏ ပိုင်နက်၌ ကျူးလွန်ခဲ့ပါသည်ဟု စွပ်စွဲထားခြင်း (ဂ) ပြစ်မှုသည် လက်ရှိ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည့်အတိုင်း အခြေအနေဖြင့် ပြည့်စုံလုံလောက်သည့် အချိတ်အဆက်ရှိခြင်း (ဃ) ပြစ်မှုကို ကျူးလွန်ခဲ့ပါသည်ဆိုသော နေ့ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံအတွက် ရောမမြို့ ပြဋ္ဌာန်းဥပဒေ တရားဝင် အာဏာတည်သည့်နေ့၌ သို့မဟုတ် ထိုနေ့၏ နောက်ပိုင်းနေ့များ၌ဖြစ်ခြင်းတို့ဖြစ်ပါသည်။

**နောက်အဆင့်များ။** တရားလိုရှေ့နေရုံးသည် လိုအပ်သည့် အထောက်အထားများကို ယုံကြည်စိတ်ချရသော ရင်းမြစ်မျိုးစုံမှ လွတ်လပ်စွာ၊ သမာသမတ်ကျစွာနှင့် ဓမ္မဓိဋ္ဌာန်ကျစွာ စတင်ကောက်ယူပါလိမ့်မည်။ စုံစမ်းစစ်ဆေးမှုသည် လိုအပ်သည့် အထောက်အထားများကို စုဆောင်းရန် လိုအပ်လိမ့်မည့် အချိန်ကာလအထိ ကြာမြင့်နိုင်ပါသည်။ အကယ်၍ သီးသန့်ပုဂ္ဂိုလ်များအား ပြစ်မှုထိုက်သည်ဟု သက်သေထူနိုင်ရန်အတွက် လုံလောက်သည့် အထောက်အထားများကို စုဆောင်းနိုင်ခဲ့သော်၊ တရားလိုရှေ့နေက ယင်းပုဂ္ဂိုလ်များ ခုံရုံးရှေ့မှောက်လာရန် ဆင့်ခေါ်စာများ သို့မဟုတ် ၎င်းတို့အတွက် ဖမ်းဝရမ်းများကို ထုတ်ပေးရန်၊ ကြိုတင်စစ်ဆေးစီရင်ခြင်းဆိုင်ရာ အမှတ် ၃ တရားသူကြီးရုံးမှ တရားသူကြီးများအား တောင်းဆိုပါလိမ့်မည်။ ICC တရားသူကြီးရုံးခန်း၏ ဖမ်းဝရမ်းများ အာဏာတည်စေရန်မှာ နိုင်ငံများ၌ တာဝန်ရှိပါသည်။ ရောမမြို့ ပြဋ္ဌာန်းဥပဒေကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည့်နိုင်ငံများ၌ တရားဥပဒေအရ ICC နှင့် လုံးလုံးလျားလျား ပူးပေါင်းဆောင်ရွက်ရမည့်တာဝန်ရှိကြပါသည်။ ICC နှင့် ပူးပေါင်းဆောင်ရွက်ရန် အခြားနိုင်ငံများကို ဖိတ်ကြားနိုင်ပြီး ၎င်းတို့က ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို မိမိတို့သဘောဆန္ဒအလျောက် ဆုံးဖြတ်နိုင်ကြပါသည်။

---

နောက်ထပ်အချက်အလက်များအတွက် ကျေးဇူးပြု၍ နိုင်ငံတကာဆိုင်ရာ ပြစ်မှုခုံရုံးမှ ပြောရေးဆိုခွင့်ရှိသူနှင့် အများပြည်သူရေးရာဌာနစိတ် အကြီးအကဲဖြစ်သူ "ဖါဒီ အလ် အဘ်ဒလ္လာ" (Fadi El Abdallah) အား +31 (0)70 515-9152 သို့မဟုတ် +31 (0)6 46448938 ၌ ဖုန်းဖြင့် သို့မဟုတ် အီးမေးလ် လိပ်စာ fadi.el-abdallah@icc-cpi.int အရ ဆက်သွယ်ပါ။

သင်သည် ခုံရုံး၏ လုပ်ကိုင်ဆောင်ရွက်မှုများကို Twitter, Facebook, Tumblr, YouTube, Instagram နှင့် Flickr တို့၌ လေ့လာကြည့်ရှုနိုင်ပါသည်။

---